ရခိုင်ပြည်အမျိုးသားကောင်စီ
Arakan National Council
Head Office, Email: anc.hq1@gmail.com

# (၄၆) နှစ်မြောက် ဥက္ကဋ္ဌကြီးခိုင်မိုးလင်းနေ့သို့ ရခိုင်ပြည်အမျိုးသားကောင်စီ/ရခိုင်ပြည်တပ်မတော် (ANC/AA) မှ ပေးပို့သည့် သဝဏ်လွှာ

နေ့စွဲ - ၂၀၂၃ ခုနှစ်၊ ဇွန်လ (၄) ရက်။

အမှတ် - ၃/ ၂၀၂၃။

၁။ ယနေ့အခါသမယသည် ရခိုင်တမျိုးသားလုံး သူ့ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် လောကဓံမုန်တိုင်းကြားထဲမှ အခက်အခဲအကြပ်အတည်းအမျိုးမျိုးကို မားမားမတ်မတ်ရင်ဆိုင်လျက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ/ ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALP/ALA) အား ကိုယ်ထူကိုယ်ထစိတ်ဓာတ်ဖြင့် ကြိုးပမ်းထူထောင်ကာ လူသာမန်တို့ ကြံဌာမရဲ ကြံ့ခံခဲ့သော ခရီးရှည်ချီတက်ပွဲဖြင့် ကရင်ပြည်မှ ရခိုင်ပြည်သို့ ခြေလျင်ချီတက်လျက် ရခိုင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်တရပ်ကို ရခိုင်ပြည်တွင်း အခြေချရန်ကြိုးပမ်းခဲ့သည့် ဥက္ကဋ္ဌကြီးခိုင်မိုးလင်းအား မသမာသည့် ဗမာစစ်အာဏာရှင်နယ်ချဲ့မျိုးခြားတို့က သာလွန်အင်အားဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သည့် သက်တမ်း (၄၆) နှစ် ပြည့်မြောက်ခဲ့သည့် ကာလပင်ဖြစ်ပေသည်။

၂။ ရန်သူနယ်ချဲ့တို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဥက္ကဋ္ဌကြီးခိုင်မိုးလင်း ကျဆုံးခဲ့ရသော်လည်း ဥက္ကဋ္ဌကြီးနှင့်တကွ တော်လှန်သော ရခိုင်မျိုးချစ်စစ်သည်တော်များကို အကြောင်းပြုလျှက် ရခိုင်အမျိုးသားတို့၏ သူ့ကျွန်မခံလိုသောစိတ်ဓာတ်နှင့် သတ္တိ၊ ဇွဲတို့ကို နိုင်ငံတကာကပါ အသိအမှတ်ပြုခဲ့ရပေသည်။ ထို့ပြင် "တပွင့်ကြွေသော် ကြွေတပွင့်မှ ခေါင်းထောင်ထ၍ ထက်မိုးအာကာ ကောင်းကင်ပြာ၌ တာရာကြယ်များ ဝင့်ဝင့်ကြွားသကဲ့သို့" လည်းကောင်း၊ "တရွက်ကြွေသော် ကြွေတရွက်မှ မျိုးနွယ်ဆက်၍ ရွက်ကျပင်များ ဆင့်ဆင့်ပွါးသကဲ့သို့" လည်းကောင်း "ခိုင်မိုးလင်းစိတ်ဓာတ်" ကို အခြေခံ၍ တဗိုလ်ကျတဗိုလ်တက်စနစ်ဖြင့် အမျိုးသားလွတ်မြောက်ရေးအတွက် ကြိုးပမ်းလာခဲ့ကြသည်မှာ ယနေ့ဆိုလျှင် ရခိုင်ပြည်၌ ခိုင်မိုးလင်းကလေးများ အထောင်အသောင်းမက ထွန်းကားခဲ့ပြီဟု ဆိုနိုင်ပေသည်။

၃။ အခြားတဖက်တွင်လည်း ဥက္ကဋ္ဌကြီးခိုင်မိုးလင်း၏ တော်လှန်သော အမျိုးသားရေးစိတ်ဓာတ်၊ သမိုင်းအစဉ်အလာနှင့် လမ်းညွှန်ချက်များကို မှိန်ဝါးတိမ်းစောင်းအောင် ကြံဆောင်ကြိုးစားနေကြသော အတွင်းအပြင် ပယောဂများ နည်းလမ်းမျိုးစုံ အသွင်မျိုးစုံဖြင့် ပေါ်ပေါက်လျက်ရှိသည်ကို တွေ့မြင်နေရပါသဖြင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ/ ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALP/ALA) အနေဖြင့် တော်လှန်ရေးသတိကြီးစွာထား၍ အမျိုးသားလွတ်မြောက်ရေးပန်းတိုင်သို့ ဘဝတူညီနောင်မဟာမိတ်များနှင့် လက်တွဲချီတက်နိုင်ပါစေကြောင်း ဆန္ဒပြုလျက် ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**ရခိုင်ပြည်အမျိုးသားကောင်စီ/ရခိုင်ပြည်တပ်မတော် ANC/AA)**